


**VOLUME II, SPECIAL ISSUE 1** 6 July 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်းမှ ကောက်နုတ်ချက်များ | ၁ |
| ၂ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက် | ၁၁ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှအမေးအဖြေ ကောက်နုတ်ချက်များ | ၁၅ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်းမှ ကောက်နုတ်ချက်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းပြောကြားချက်မှ ကောက်နုတ်ချက်မှာ−

- **နိုင်ငံတော်နှင့် တပ်မတော်အဆင့် ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများနှင့်စပ်လျဉ်း၍** မိမိတို့နိုင်ငံအနေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ တွင် လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့်မူဝါဒတို့ကို ပြဋ္ဌာန်းကျင့်သုံးထားကြောင်း။
- မိမိတို့၏အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင်လည်း ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးချင်းဆက်ဆံရေးကို ထူထောင်လျက်ရှိကြောင်း၊ ဒေသတွင်းအာဆီယံနိုင်ငံများနှင့် ဆက်ဆံရာတွင်လည်း အာဆီယံက သတ်မှတ်ထားသည့် မူဘောင်၊ လုပ်ထုံး၊ လုပ်နည်းများအတိုင်း ပူးပေါင်းကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပသည့် **(၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (16th ADMM)** သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြောင်း။
- ဆက်စပ်အစည်းအဝေးများအနေဖြင့် အာဆီယံ−ဂျပန်ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ အာဆီယံ−တရုတ်ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောရုပ်သံအစည်းအဝေးများကို ဆက်လက်ကျင်းပပြီး အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ပါဝင်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံနှင့် တပ်မတော်၏သဘောထားရပ်တည်မှုနှင့် အကောင်အထည်ဖော်နေမှုများ၊ အာဆီယံဒေသတွင်း ကာကွယ်ရေးဆိုင်ရာလုပ်ငန်းဖော်ဆောင်မှုကိစ္စရပ်များ၊ ရှေ့ဆက် လုပ်ဆောင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ဆောင်ရွက်နေမှုနှင့် ရပ်တည်မှုကို ဖော်ပြဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒေသတွင်းကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအမြင်များကို ပူးပေါင်းဖလှယ်ခွင့်နှင့် ဆွေးနွေးခွင့်များ ရရှိစေပြီး အခြားအာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့။
- မြန်မာ−ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသည် ၁၉၈၉ ခုနှစ် တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်၌ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနှင့် ထိုင်းနိုင်ငံတို့ အိမ်ရှင်နိုင်ငံအဖြစ် တစ်လှည့်စီကျင်းပခဲ့ကြောင်း၊ (၃၄) ကြိမ်မြောက် မြန်မာ−

ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နှင့် ၂၉ ရက်တွင် မြန်မာနိုင်ငံ၊ တောင်ကြီးမြို့၌ ကျင်းပခဲ့ကြောင်း။

- အစည်းအဝေးတွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာများနှင့် အခြားကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ။
- နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပြည်တွင်း၊ ပြည်ပရှိ အချို့သောကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များနှင့် CDM ဝန်ထမ်းများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြကြောင်း။
- အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Parksokhon ဦးစီးအဖွဲ့သည်၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့အထိ အလုပ်သဘောခရီးစဉ်ရောက်ရှိလျက်ရှိကြောင်း။
- ခရီးစဉ်၌ ဇွန်လ ၂၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးသို့ သွားရောက်ခဲ့ပြီး တရုတ်နိုင်ငံက အာဆီယံအတွက် လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးလှူဒါန်းမှုများကိုလက်ခံရရှိခဲ့ကြောင်း၊ ဇွန်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့ပြီးနောက် အစိုးရဝန်ကြီးဌာနများက ဝန်ကြီးများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း။
- ထိုသို့တွေ့ဆုံရာတွင် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် တိုးတက်မှုရှိသည့် အခြေအနေများ၊ NUG၊ CRPH တို့မှ ပေါက်ဖွားလာသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှု လုပ်ရပ်များကြောင့် သံဃာတော်များနှင့် ကိုရင်များ၊ အပြစ်မဲ့ပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိသူများ သေဆုံးမှုများဖြစ်ပေါ်ခဲ့မှုများနှင့် ၎င်းတို့၏ဆိုးရွားစွာ ဆောင်ရွက်ခဲ့မှုအခြေအနေများ။
- မိုင်းထောင်ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် ပြည်သူပိုင်အဆောက်အဦများနှင့် နိုင်ငံတော်ပိုင်အဆောက်အဦများ ပျက်စီးခဲ့ရမှု၊ အကြမ်းဖက်မှုပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိမှု၊ မြန်မာနိုင်ငံရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိစေရေးဆောင်ရွက်ပေးလျက်ရှိမှု။
- အာဆီယံ၏မူဝါဒအရ လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေးနှင့်ပတ်သက်၍ **“တစ်ဦးတစ်ယောက်မှ မကျန်ရ”** ဆိုသကဲ့သို့ မြန်မာနိုင်ငံအနေနှင့်လည်း **“လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ”** ဆိုသည့် မူဝါဒထားရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း။
- ဇူလိုင်လ ၁ ရက်တွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ဦးစီးအဖွဲ့များနှင့် တွေ့ဆုံမည်ဖြစ်သကဲ့သို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် (ALP, DKBA, KNU/KNLA-PC, PNLO, LDU, NMSP, RCSS) စသည့် အဖွဲ့ ၇ ဖွဲ့မှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်သလို နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံသွားရန်ရှိကြောင်း။
- **လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု(Lanchan-Mekong Cooperation) (LMC) အစည်းအဝေးနှင့်စပ်လျဉ်း၍** လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (LMC) သည် တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်း ၅ နိုင်ငံအတူတကွ စတင်တည်ထောင်ခဲ့သည့်ဒေသတွင်း၊ ဒေသခွဲပူးပေါင်းဆောင်ရွက်မှုပလက်ဖောင်းတစ်ခုသာဖြစ်ကြောင်း၊ မကြာမီ မြန်မာနိုင်ငံ၌ လန်ချန်း-မဲခေါင်ပူးပေါင်း ဆောင်ရွက်မှုအောက်က ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပသွားရန်ရှိသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း။
- လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုတွင် မဲခေါင် ၅ နိုင်ငံအနက်တစ်နိုင်ငံက တရုတ်နိုင်ငံနှင့်အတူ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရသည့်အတွက် ယခုနှစ် ဝန်ကြီးအဆင့်အစည်းအဝေးကို မိမိတို့နိုင်ငံက တာဝန်ယူကျင်းပပေးသွား

မည်ဖြစ်ပြီး တရုတ်နိုင်ငံအပါအဝင် သက်ဆိုင်ရာနိုင်ငံများက နိုင်ငံခြားရေးဝန်ကြီးများတက်ရောက်မည်ဖြစ်ကြောင်း။

- ယင်းသည်လည်း မြန်မာနိုင်ငံအစိုးရ၏ အချုပ်အခြာအာဏာနှင့် တည်ရှိမှုကို အသိအမှတ်ပြုခြင်းသာဖြစ်ယုံသာမက မဲခေါင်နိုင်ငံအားလုံးသည်တစ်သားတည်း ဖြစ်နေခြင်းကို ပြသခြင်းဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်နေသည့်ကာလကစ၍ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖြစ်နိုင်သမျှ ရနိုင်သမျှနည်းလမ်းတို့နှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်ကို နိုင်ငံတော်အကြီးအကဲအနေဖြင့် ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားကြောင်း၊ ထို့ကြောင့်ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မည်သည့်ခေတ်အခါမှမရှိခဲ့သည့် ဖိတ်ခေါ်ကမ်းလှမ်းမှုမျိုးများနှင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း။
- ယင်းဖိတ်ခေါ်မှုအပေါ် ဒေသခံပြည်သူလူထုအတွက် ငြိမ်းချမ်းရေးကို အစစ်အမှန်လိုလားသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့က လက်ခံတက်ရောက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှ ဇွန်လ ၂၀ ရက်နေ့အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး SSPP၊LDU အဖွဲ့တို့နှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။
- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ Stakeholder များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့စသည်ဖြင့် တွေ့ဆုံနွေးခဲ့သည်မှာ (၇၃) ကြိမ်ရှိပြီဖြစ်ကြောင်း။
- NCA သဘောတူလက်မှတ်ရေးထိုးပြီးသည့် အဖွဲ့များဖြစ်သည့် RCSS/SSA၊ NMSP၊ KNU/KNLA-PC၊ ALP၊ PNLO၊ DKBA အဖွဲ့တို့နှင့် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁/၂/၃)ပါသဘောတူညီချက်များနှင့် ပတ်သက်၍ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန် အချက်များဆွေးနွေးခဲ့ပြီး သဘောတူညီချက်များကို ရရှိလက်မှတ်ရေးထိုးနိုင်ခဲ့သကဲ့သို့ NCA သဘောတူလက်မှတ်မရေးထိုးရသေးသည့်UWSP၊ NDAA (မိုင်းလား)အဖွဲ့တို့နှင့်လည်း ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ပြောကြားခဲ့။
- **ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး** လက်ရှိအခြေအနေတွင် ၂၀၂၂-၂၀၂၃ အခြေခံပညာသင်နှစ်ကို ဇွန်လ ၂ ရက်နေ့မှစပြီး စတင်ဖွင့်လှစ်လျက်ရှိကြောင်း၊ ကျောင်းတက်ရောက်ရမည့် စာရင်းရှိ ကျောင်းသားဦးရေ၏ ၉၄.၀၃ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိကြောင်း။
- ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ၅.၃ သန်းကျော် ကျောင်းအပ်နှံ တက်ရောက်ခဲ့သည့်အတွက် ယခင်နှစ်ကထက် (၄ သန်းနီးပါး) ကျောင်းပိုမိုတက်ရောက်လျက်ရှိကြောင်း။
- ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းအနေဖြင့် ကျောင်းတွင်း/ပြင်ပ ၂၈၁,၇၅၁ ဦးဖြေဆိုခဲ့ရာတွင် ၁၃၂,၀၇၇ ဦး ( ၁ သိန်း ၃ သောင်းကျော်) အောင်မြင်မှုရှိကြောင်း၊ အောင်မြင်မှုရာခိုင်နှုန်းမှာ ၄၆. ၈၈ ရာခိုင်နှုန်းရှိကြောင်း၊ စာမေးပွဲများကို စံချိန်စံညွှန်း စည်းကမ်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။
- ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပေးရန်စီစဉ်ထားကြောင်း။
- တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားမှုအနေဖြင့် ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်များအတွက် ဘွဲ့ကြိုသင်တန်းများနှင့် ပါရဂူသင်တန်းများအပါအဝင် ဘွဲ့လွန်သင်တန်းများအားလုံးကို တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၄၉ ကျောင်းတွင် ဖွင့်လှစ်ခဲ့ရာ စာရင်းရှိ (၂၉၉, ၅၁၃) ဦး (၂သိန်း ၉သောင်းကျော်)၊ ကျောင်းအပ်နှံမှု (၂၄၆,၅၃၁)ဦး (၂ သိန်း ၄ သောင်း ကျော်)ရှိပြီး (၇၂,၆၆၀) ဦး(၇ သောင်း ၂ ထောင်ကျော်) ကျောင်းတက်ရောက်လျက်ရှိကြောင်း။
- အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသများ ပြည်တွင်းက မလုံခြုံသည့်နေရာများ၌ ရောက်ရှိနေပြီး ရိုးသားစွာ ကျောင်းပြန်တက်လိုသည့် ကျောင်းသား၊ကျောင်းသူများကိုလည်း ပညာရေးကို ဆက်လက်လုပ်ဆောင်နိုင်ရေး မိမိတို့အစိုးရက ပြန်လည်ဖိတ်ခေါ်ကြောင်း။
- **ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍** ဇွန်လနောက်ဆုံးပတ် သတ္တပတ်(၁)ပတ်အတွင်း တစ်နေ့လျှင်

ပျမ်းမျှခါတ်ခွဲနမူနာပေါင်း (၄,၇၅၆) ခု စစ်ဆေးနိုင်ခဲ့ပြီး တစ်နေ့ပျမ်းမျှလူနာ ၁၁ ဦး ဖြစ်သည့်အတွက် ပိုးတွေ့နှုန်းသည် (၀.၂၂) ရာခိုင်နှုန်းသာရှိကြောင်း။

- ဒေသတွင်း နိုင်ငံအချို့ဖြစ်သည့် (စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား)နှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် (ဘင်္ဂလားဒေ့ရှ်)တို့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနည်းငယ်မြင့်တက်နေသေးသည်ကိုတွေ့ရှိရသဖြင့် ပေါ့ဆ၍ မရသေးကြောင်း။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်ပြီး ထိုးနှံပေးလျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်အထိ လူဦးရေစုစုပေါင်း ၃၅ သန်းကျော်)ကို ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အသက် (၁၈)နှစ်နှင့်အထက် လူဦးရေ၏ (၉၄.၃)ရာခိုင်နှုန်းအထိ ကာကွယ်ဆေးလွှမ်းခြုံမှု ရရှိခဲ့ပြီးဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေနှင့် စတင်တာဝန်ယူချိန်ကစပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေးကို အဓိကဦးစားပေး လုပ်ဆောင်ခြင်း၊ စားသုံးဆီနှင့် စက်သုံးဆီများ ခြိုးခြံချွေတာမှုအစီအစဉ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုပို‌ငွေများရရှိသည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်တွင် ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများသည် မျှော်မှန်းသလောက် မရှိခဲ့ကြောင်း၊ သွင်းကုန်/ထုတ်ကုန်များသည်လည်း ပုံမှန်နှစ်များထက် နည်းပါးခဲ့ကြောင်း၊ ထိုသို့သော အခက်အခဲများကြားက အစိုးရအနေဖြင့် ဝင်ငွေများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။
- ကမ္ဘာ့ဈေးကွက်အခြေအနေအရ စားသုံးဆီနှင့် ပတ်သက်ပြီး ဈေးနှုန်းမြင့်တက်ခြင်းများရှိသော်လည်း အစိုးရအနေဖြင့် လုံးဝပြတ်လပ်ခြင်းမရှိအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။
- စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းကဏ္ဍတွင် နိုင်ငံတော်အနေဖြင့် Supply Chain တစ်ခုလုံးကို စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏စွမ်းအင်လုံခြုံရေးကို အထောက်အကူဖြစ်စေရန် နိုင်ငံတော်အရံဆီများကိုပါ သိုလှောင်ထားရှိထားသည့်အတွက် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ပုံမှန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း လုံလောက်သည့် စက်သုံးဆီပမာဏတစ်ရပ်ကို သိုလှောင်ထားရှိကြောင်း ဦးစွာအသိပေးလိုကြောင်း။
- စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း ကဏ္ဍတစ်ရပ်လုံးကို ထိရောက်စွာ ထိန်းကြောင်းကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ဇွန်လအတွင်း၌ စက်သုံးဆီအမယ်မျိုးစုံ တင်ဆောင်လာသည့် သင်္ဘော (၁၇) စီးခန့်ရောက်ရှိခဲ့ပြီးဖြစ်သဖြင့် ပြည်တွင်းသုံး စက်သုံးဆီ လုံလောက်မှုရှိသည့်အပြင် အရံစက်သုံးဆီပါ သိုလှောင်ထားရှိကြောင်း။
- ပြည်တွင်း၊ ပြည်ပချေးငွေရယူမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ပြည်တွင်းချေးငွေပေါင်း ကျပ်ဘီလီယံ ၁၆,၉၆၃. ၇၄၆နှင့် ပြည်ပချေးငွေပေါင်းကျပ်ဘီလီယံ ၅,၂၈၁.၂၂၆ စုစုပေါင်း ကျပ်ဘီလီယံ ၂၂,၂၄၄.၉၇၂ ကျော်ရှိကြောင်း။
- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ပြည်တွင်း ကြွေးမြီလက်ကျန်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုလာကြောင်း။
- ခေတ်အဆက်ဆက် ပြည်တွင်းထုတ်ကုန်များနှင့် ပြည်တွင်းစီးပွားရေးကို အားမပေးဘဲ သွင်းကုန်ကိုသာ အဓိကထားခဲ့သည့် မူဝါဒအမှားကြောင့် ယခုကဲ့သို့ စီးပွားရေး ကျဆင်းနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေနှင့် စီးပွားရေးမြှင့်တင်မှုဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်ကုန်နှင့် စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။
- **NUG၊ PDF တို့၏ အကြမ်းဖက်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍** လက်ရှိအကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့အမည်သည် မြန်မာလို အမျိုးသားညီညွတ်ရေးအဖွဲ့ဟုခေါ်ကြောင်း၊ ညီညွတ်သည်မှာ နှစ်ခုသာရှိကြောင်း၊ ပထမဆုံးညီညွတ်သည်မှာ ပြည်ပကို ပြေးခြင်းဖြစ်ပြီး နောက်တစ်ခုမှာ အလှူခံခြင်းသာဖြစ်ကြောင်း။
- ထိုနှစ်ခုမှအပ မညီညွတ်သဖြင့် အချင်းချင်းအပြန်အလှန်သတ်ဖြတ်နေခဲ့ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့် ၁၆ ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲတွင် မိမိပြောခဲ့သည့် KNPP က သတ်ခဲ့သည့် ဆင်မကြီးဆိုသည့် ပုဂ္ဂိုလ်ကိစ္စအား ယခုအချိန်ထိ ပြောဆိုနေကြခြင်းရှိကြောင်း၊ စစ်ကိုင်းတိုင်းက

ဗိုလ်သံမဏိဆိုသည့် ပုဂ္ဂိုလ်သတ်ဖြတ်ခဲ့သည်မှာ မည်သည့် အဖွဲ့များပါသနည်း။

- ယခုလတ်တလောဖြစ်နေသည့် အပြန်အလှန် ဖမ်းကြ၊ စစ်ကြ၊ သတ်ကြဖြစ်နေသည့်အဖွဲ့များက မည်သည့်အဖွဲ့များ လည်းဆိုသည်ကို စဉ်းစားကြည့်စေလိုကြောင်းပြောကြား၍ ယင်းတို့နှင့်ပတ်သက်ပြီး ထိုအဖွဲ့များအချင်းချင်း ပြောကြားထားကြသည့် ဗွီဒီယိုဖိုင်များကို ပြသခဲ့။
- ဇွန်လ ၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲကို ယင်းဓားပြတိုက်မှုကို သက်ဆိုင်ရာ တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်မှု လျင်လျင်မြန်မြန် ပြုလုပ်ခဲ့ကြောင်း။
- ရတနာပုံတော်လှန်ရေးအမည်ခံ  အကြမ်းဖက်အဖွဲ့သည် ကမ္ဘောဇဘဏ်ခွဲ(၉)ကို ဝင်ရောက်ပြီး ဘဏ်ဝန်ထမ်းများကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ ငွေကျပ် ၄၄၉ သိန်းကို ဓားပြတိုက်ယူဆောင်သွားခဲ့သည့် ဓားပြတိုက်မှုဖြစ်စဉ် ဗွီဒီယိုဖိုင်ကို ပြသခဲ့။
- **ရှမ်းနီလူမျိုး၊ KIA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့ အကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍** စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်အတွင်း၌ ရှမ်းနီတိုင်းရင်းသားများ အခြေချနေထိုင်လျက်ရှိကြောင်း၊ ပင်လုံစာချုပ် ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးစဉ်ကတည်းက ထိုစဉ်က ကချင်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒူဝါဇော်လွန်းသည် ဗိုလ်ချုပ်အောင်ဆန်းထံတွင် ကချင်ပြည်နယ်ဖွဲ့စည်းရန်နှင့် ရှမ်းနီလူမျိုးများနေထိုင်သည့် နယ်များပါ ကချင်ပြည်နယ်ထဲ ထည့်ရန် တောင်းဆိုခဲ့ကြောင်း။
- ပင်လုံစာချုပ်ဖြစ်ပေါ်လာပြီးနောက်ပိုင်း  ထိုနယ်မြေများသည် ကချင်ပြည်နယ်ထဲသို့ ပါသွားသည့် နယ်မြေများဖြစ်ကြောင်း၊ ရှမ်းနီလူမျိုးများ နေထိုင်သည့် ဗန်းမော်၊ မိုးညှင်း၊ မိုးကောင်း၊ ဝိုင်းမော်၊ ဖားကန့်နှင့် တနိုင်းဒေသ စသည့် မြို့နယ်များ ပါဝင်သွားခဲ့ကြောင်း၊ နယ်မြေများကို ပြန်လည်ရရှိရေးအတွက် တောင်းဆိုမှုများလည်းရှိကြကြောင်း။
- ကချင်ပြည်နယ်ထဲတွင် ဂျိမ်းဖော၊ လော်ဝေါ်၊ ကဒီး၊ ဇိုင်ဝါ၊ လီဆူး၊ ရဝမ် စသည့် ကချင်လူမျိုးစု ၆ မျိုးစုနှင့် ရှမ်းနီလူမျိုးများဖြစ်သည့်  တိုင်းလုံ၊ တိုင်းဆာလိုင်၊ ခန္တီးရှမ်းစသည့် ရှမ်းလူမျိုးစုများလည်း အတူနေထိုင်ကြကြောင်း၊ ယင်းထဲမှ ကချင်မျိုးနွယ်စုတစ်ခုသည် လက်နက်အားကိုးဖြင့် အခြားကချင်မျိုးနွယ်စုများအပေါ်သာမက  ရှမ်းနီလူမျိုးများအပေါ်တွင်လည်း အနိုင်ကျင့်ဗိုလ်ကျမှုများရှိနေကြောင်း၊ ရှမ်းနီဆက်စပ်နယ်မြေများ၌ လူမျိုးကြီးဝါဒကို ကျင့်သုံး၍ ဗိုလ်ကျစိုးမိုး အနိုင်ကျင့်နေကြောင်း။
- ကချင်ပြည်နယ်၌ KIA/ KIO သောင်းကျန်းသူအဖွဲ့ စတင်ဖွဲ့စည်းခဲ့ပြီး ရှမ်းနီလူမျိုးများကို လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများအပြင် ရှမ်းနီအမျိုးသမီးများအပေါ် အဓမ္မပြုကျင့်ခြင်းနှင့် နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့မှုများ အများအပြားရှိခဲ့ကြောင်း။
- KIA ၏ ပစ်ခတ်မှုကြောင့် နမ့်ယားရွာရှိ ကျောင်းဆရာမ မြရူပါငယ်ကို လက်နက်ကြီးစထိမှန်ခဲ့သည့်ဖြစ်စဉ်၊ ဖားကန့်မြို့နယ် နမ္မဖြစ်အလယ်တန်းကျောင်းမှ ကျောင်းဆရာ ဦးအောင်ဇင်ထွန်းကိုလည်း အတင်းအဓမ္မဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်၊ ရှမ်းနီလူမျိုးများ ၆ ဦးကို အကြောင်းမဲ့သတ်ဖြတ်မှုဖြစ်စဉ်၊ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာနေ ရှမ်းနီစာပေနှင့် ရိုးရာယဉ်ကျေးမှု ကော်မတီနာယကဖြစ်သည့် ဦးသန်းဖေကို KIA တပ်မဟာ (၉) လက်အောက်ခံ KPDF အဖွဲ့မှ လူငယ်နှစ်ဦးက သေနတ်ဖြင့် ဦးခေါင်းကို ၃ ချက် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်၊ ဗန်းမောက်ရှမ်းနီစာပေယဉ်ကျေးမှု ဒုတိယဥက္ကဋ္ဌ စိုင်းကျန်အောင် (ခ)ဆေးလိုင်ကို လက်နက်ငယ်များဖြင့် ပစ်ခတ်ခြိမ်းခြောက်ပြီး အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ဖြစ်စဉ်များအား ရှင်းလင်းပြောကြားခဲ့။
- လူမျိုးရေးပဋိပက္ခသည် ဖြေရှင်းရခက်သဖြင့် လူမျိုးကြီးဝါဒကျင့်သုံးပြီး ကျန်တိုင်းရင်းသားများကို နှိပ်ကွပ်ခြင်းသည် မလုပ်သင့်သည့် အလုပ်ဖြစ်ကြောင်း ပြောကြားခဲ့။
- **ဥက္ကရစ်ထ စခန်းဖြစ်စဉ်နှင့်စပ်လျဉ်း၍** အဆိုပါစစ်ဆင်ရေးခြေကုပ်စခန်းသည် ကရင်ပြည်နယ်၊ မြဝတီမြို့၏ တောင်ဘက်စစ်ဆင်ရေးခြေကုပ်စခန်းတစ်ခုဖြစ်ကြောင်း၊  တပ်မတော်အနေဖြင့်  ဥက္ကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းတွင် အခြေပြုပြီး ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စခန်းတစ်ခုသာဖြစ်ကြောင်း။
- ထိုစခန်းကို ဇွန်လ ၂၆ ရက်နေ့မှစပြီး နယ်ဒါးမြ၊ စောစလုံး၊ စောအဲ့စေးဝါးအဖွဲ့များနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့က သာလွန်အင်အားကို အသုံးပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နေ့စဉ်အကြိမ်ကြိမ် လာရောက်တိုက်ခိုက်ခဲ့ပြီး ၂၉-၆-၂၀၂၂ ရက်နေ့ တစ်ရက်တည်းတွင် ၈ ကြိမ်တိုင်တိုင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြောင်း။

- ဥက္ကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်းမှ တပ်မတော်သားများအနေဖြင့် ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်ဖြင့် စနစ်တကျ တန်ပြန်ခုခံပစ်ခတ်ခြင်း၊ အထက်ဌာနများမှ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူတို့ကို အချိန်၊ နေရာအတိအကျ ထိရောက်သည့် ပစ်ကူပစ်အားများ ပေးခဲ့သည့်အတွက် အကြမ်းဖက်သမားများသည် စခန်းကိုသိမ်းပိုက်နိုင်ခြင်းမရှိဘဲ အကျအဆုံးများစွာနှင့် ဆုတ်ခွါထွက်ပြေးခဲ့ရကြောင်း။
- ယင်းပူးပေါင်းအဖွဲ့များ ဥက္ကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းကို မည်သို့ခြေကုပ်ယူတိုက်ခိုက်သည်၊ မည်သို့အသေခံတိုက်ခိုက်ခိုင်းသည်ကို ဗွီဒီယိုဖိုင်တွင် ကြည့်စေလိုကြောင်း၊ ကျေးရွာစာသင်ကျောင်းများ၊ လူနေအိမ်များကို အကာအကွယ်ယူ၍ တိုက်ခိုက်ကြကြောင်း၊ မိမိပြောလိုသည်မှာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ကျေးရွာများ တည်ငြိမ်အေးချမ်းရေးကို မည်သူက ဖျက်ဆီးနေသည်ကို လက်တွေ့ တွေ့မြင်ရမည်ဖြစ်ကြောင်း။
- တိုက်ပွဲတွင် အဘယ့်ကြောင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့၏ လူငယ်၊ လူရွယ်များကို အသေခံခိုင်းနေတာလဲ၊ နောက်ကမြှောက်ပေးနေတာ ဘယ်သူများလဲဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း။
- ၎င်းနောက် ထူးခြားချက်အနေဖြင့် ယခင်က တပ်မတော်စခန်းများကို တိုက်ခိုက်သည့် တိုက်ပွဲများထက် ယခုတိုက်ပွဲတွင် ကျည်နှင့်ခဲယမ်းများ မြောက်များစွာ အသုံးပြုခြင်းဖြစ်ကြောင်း၊ ယင်းလက်နက်ခဲယမ်းများ ဘယ်က ရပါသလဲ၊ ထိုသို့ လက်နက်ခဲယမ်းများရနေသမျှ တိုက်ပွဲများမှာ ဖြစ်နေဦးမည်သာဖြစ်ပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်နေဦးမည်သာဖြစ်ကြောင်း ပြောကြားခဲ့။

လူငယ်လူရွယ်များအနေဖြင့် မိမိတို့ကို အသုံးချနေသည်၊ ချကျွေးနေသည်၊ သေတွင်းပို့နေသည်ကို သတိရှိကြရန်လိုသည်ဟု စေတနာထားပြီး ပြောလိုကြောင်း၊ ထို့ကြောင့် လမ်းမှားရောက်နေသည့် CDM ဝန်ထမ်းများ၊ လူငယ်၊ လူရွယ်များကို လက်ခံရေးစခန်းများဖွင့်ပြီး ပြန်လည်ဖိတ်ခေါ်ရန် ဆောင်ရွက်နေပြီး ကြေညာချက်ထုတ်ခဲ့ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များ လမ်းမှားရောက်နေသူများအနေဖြင့် မိမိတို့ကို အသုံးချနေသည်ကို သိမြင်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ဖိတ်ခေါ်နေချိန်တွင် ပြန်လည်ဝင်ရောက်ရေး ဆက်သွယ်ဆောင်ရွက်သွားကြပါဟု စေတနာဖြင့် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**

- **မိမိတို့နိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁ တွင် လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး ရေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒတို့ကို ပြဋ္ဌာန်းကျင့်သုံးထား။**
- **နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပြည်တွင်း၊ ပြည်ပရှိ အချို့သောကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များနှင့် CDM ဝန်ထမ်းများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်ပြီး ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့။**
- **အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Parksokhon ဦးစီးအဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံရာ၌ အာဆီယံ၏မူဝါဒအရ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့်ပတ်သက်၍ "တစ်ဦးတစ်ယောက်မှ မကျန်ရ"ဆိုသကဲ့သို့ မြန်မာနိုင်ငံအနေနှင့်လည်း "လူ့အသက်ထက် အရေးကြီးတာ ဘာမျှမရှိ" ဆိုသည့် မူဝါဒထားရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**
- **၂၀၂၂ ခုနှစ်ကို နိုင်ငံတော်အကြီးအကဲအနေဖြင့် ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားပြီး မည်သည့်ခေတ်အခါမှ မရှိခဲ့သည့် ဖိတ်ခေါ်ကမ်းလှမ်းမှုမျိုးများနှင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဖိတ်ခေါ်ကမ်းလှမ်းခဲ့။**

- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ Stakeholder များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့စသည်ဖြင့် တွေ့ဆုံဆွေးနွေးခဲ့သည်မှာ (၇၃) ကြိမ်ရှိပြီဖြစ်။
- ၂၀၂၂-၂၀၂၃ အခြေခံပညာသင်နှစ်ကို ဇွန်လ ၂ ရက်နေ့မှစပြီး စတင်ဖွင့်လှစ်လျက်ရှိရာ ကျောင်းတက်ရောက်ရမည့် စာရင်းရှိ ကျောင်းသားဦးရေ၏ ၉၄.၀၃ ရာခိုင်နှုန်း ကျောင်းတက်ရောက်လျက်ရှိ။
- ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပပေးရန် စီစဉ်ထား။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် စတင်တာဝန်ယူချိန်ကစပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေးကို အဓိကဦးစားပေးလုပ်ဆောင်ခြင်း၊ စားသုံးဆီနှင့် စက်သုံးဆီများ ခြိုးခြံချွေတာမှုအစီအစဉ်များ ပြုလုပ်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုပိုငွေများရရှိသည့် အကျိုးကျေးဇူးများရရှိခဲ့။
- စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းကဏ္ဍတွင် နိုင်ငံတော်အနေဖြင့် Supply Chain တစ်ခုလုံးကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေးကို အထောက်အကူဖြစ်စေရန် နိုင်ငံတော်အရံဆီများကိုပါ သိုလှောင်ထားရှိထားသည့်အတွက် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ပုံမှန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်။
- အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အဖွဲ့အမည်သည် မြန်မာလို အမျိုးသားညီညွတ်ရေးအဖွဲ့ဟု ခေါ်ကြောင်း၊ ညီညွတ်သည်မှာ နှစ်ခုသာရှိကြောင်း၊ ပထမဆုံးညီညွတ်သည်မှာ ပြည်ပကို ပြေးခြင်းဖြစ်ပြီး နောက်တစ်ခုမှာ အလှူခံခြင်းသာဖြစ်။
- ကချင်ပြည်နယ်၌ KIA/ KIO သောင်းကျန်းသူအဖွဲ့စတင်ဖွဲ့စည်းခဲ့ပြီး ရှမ်းနီလူမျိုးများကို လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများအပြင် ရှမ်းနီအမျိုးသမီးများအပေါ် အဓမ္မပြုကျင့်ခြင်းနှင့် နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခဲ့မှုများ အများအပြား ရှိခဲ့။
- ဥက္ကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းအား ဇွန်လ ၂၆ ရက်နေ့မှစပြီး နယ်ဒါးမြဲ၊ စောစလုံး၊ စောအဲ့စေးဝါးအဖွဲ့များနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့က သာလွန်အင်အားကို အသုံးပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နေ့စဉ်အကြိမ်ကြိမ် လာရောက်တိုက်ခိုက်ခဲ့ပြီး ၂၉-၆-၂၀၂၂ ရက်နေ့ တစ်ရက်တည်းတွင် ၈ ကြိမ် တိုင်တိုင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့။
- လူငယ်လူရွယ်များအနေဖြင့် မိမိတို့ကို အသုံးချနေသည်၊ ချကျွေးနေသည်၊ သေတွင်းပို့နေသည်ကို သတိရှိကြရန်လို။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော မှတ်တမ်းဓာတ်ပုံများ








# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော Powerpoint Slides များ











**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော Powerpoint Slides များ**






# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက်






**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက်မှာ-**

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ-၇ ပါ ပြဋ္ဌာန်းချက်အရ " **နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"**ဖြစ်ရာ ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် ရွေးကောက်ပွဲများကို လွတ်လပ်ပြီးတရားမျှတစွာ ကျင်းပပေးရန်လိုအပ်ကြောင်း။
- အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ အရ **"နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"** ဖြစ်ရာ ထိုအခွင့်အရေးကို မှန်ကန်စွာ ကျင့်သုံးဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများသည် မည်သည့်နှောင်ကြိုး၊ ဖိအား၊ ခြိမ်းခြောက်၊ အကျပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရမည်ဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရန် အာမခံထားရှိပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ် အမှတ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယခင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးများသည် အရေးကြီးသည့် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း။
- ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို အရေးယူရာတွင်လည်း ကျူးလွန်သည့် ပြစ်မှုအမျိုးအစားနှင့်ညီမျှသည့် ပြစ်ဒဏ်များ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကကျင်းပမည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခြင်းပျက်ပြားရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ အားထုတ်ကြိုးပမ်းခြင်း၊ ကျူးလွန်အားပေးကူညီခြင်းတို့ ဆောင်ရွက်ပါက ထိရောက်ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေးကိုလည်း ဖြည့်စွက်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း။
- အချိုးကျ ကိုယ်စားပြုစနစ်(PR)စနစ်ဖြင့် ကျင်းပမည့် နောင်ရွေးကောက်ပွဲများတွင် မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုကိုဖြစ်စေ ၊ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ တရားမဲ့ပြုကျင့်မှုကြောင့် ကန့်ကွက်လွှာတင်သွင်းခြင်းခံရပြီး ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်အရ ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ကြောင်း အတည်ပြုဆုံးဖြတ်ပါက ယင်းပါတီရရှိခဲ့သည့် အဆိုပါမဲဆန္ဒနယ်၏ ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ခံရမည်ဖြစ်သောကြောင့် တရားမဲ့ပြုကျင့်မှုများမဖြစ်ပေါ်စေရေး အထူးအလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလမှာ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အမှုပေါင်း ၁,၀၇၇ မှု ဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက် ရွေးကောက်ပွဲဥပဒေနှင့် အရေးယူဆောင်ရွက်ခဲ့သည့်အမှု ၅၄၆ မှု ရှိခဲ့ကြောင်း၊ ထိုအမှုများနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရရှိသည့် စာရင်းဇယားများအရ တရားစွဲတင်

ပြီး ၃၄၅ မှု ၊ ပိတ်သိမ်း ၂၀၀ မှုနှင့် ဥပဒေ အကြံပြုချက်တောင်းခံဆဲ ၁ မှု ဖြစ်ပါကြောင်း။

- အလားတူ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသည့် နိုင်ငံတော်သမ္မတဟောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဟောင်း ဦးမင်းသူ ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဟောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်ဟောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအပါအဝင် ကျူးလွန်သူ ၄၈၉ ဦးကို အမှုတွဲ ၃၆၄ ခု ဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး တရားစွဲဆိုဆောင်ရွက်လျက်ရှိကြောင်း။
- ကျူးလွန်သူ ၁၇၀ ဦး ကို အမှုတွဲအရေအတွက် ၁၃၇ မှု ဖြင့် တရားစွဲဆိုခဲ့ရာတွင် ပြစ်ဒဏ်ချမှတ်ပြီး ၅၈ မှု နှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ၇၉ မှု ဖြစ်ကြောင်း။
- ထို့အပြင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းတာဝန်များကို စနစ်တကျကြီးကြပ်ကွပ်ကဲရန် ပျက်ကွက်ခဲ့သည့် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပေါင်း ၂,၄၁၇ ဦးကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကျူးလွန်သူ ၂,၁၇၃ ဦး ကို အမှုတွဲအရေအတွက် ၃၇၃ ခု နှင့် တရားစွဲဆိုခဲ့ရာ ပြစ်ဒဏ်ချမှတ်ပြီး ၃၆၉ မှု နှင့် ပြစ်ဒဏ်ချမှတ်ရန်ကျန် ၄ မှု ဖြစ်ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဦးဆောင်မှုနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အနီးကပ် ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း။
- တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ကို အခြေခံပြုစုထားသည့် စာရင်းတို့ကို ရယူပြီး တိုက်ဆိုင်စစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်အထိ ဆောင်ရွက်ပြီး ၂၁၈ မြို့နယ်၊ ဆောင်ရွက်ဆဲ ၉၀ မြို့နယ်နှင့် ဆောင်ရွက်ရန်ကျန် ၁၇ မြို့နယ် ဖြစ်ကာ ကျန်ရှိသည့်မြို့နယ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ဇွန်လ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်းတွင် ဆောင်ရွက်နေသည့် မှော်ဘီမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့၏အခြေခံလူဦးရေစာရင်း မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစင်တာတွင် ဆောင်ရွက်နေသည့် ရွှေပြည်သာမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့၏ အခြေခံလူဦးရေစာရင်းကို မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း။
- မဲစာရင်းပြုစုရာတွင် ရယူအခြေခံရမည့် သက်ဆိုင်ရာဝန်ကြီးဌာန ၂ ခု၏စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းများဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အလားတူ ပြည်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများကို ဥပဒေနှင့်အညီ ပြုစုခြင်းနှင့် စိစစ်ခြင်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ယခင်ရွေးကောက်ပွဲအတွေ့အကြုံနှင့် ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ




- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၇ ပါ ပြဋ္ဌာန်းချက်အရ “ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်” ဖြစ်ရာ ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် ရွေးကောက်ပွဲများကို လွတ်လပ်ပြီးတရားမျှတစွာ ကျင်းပပေးရန်လို။
- ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများသည် မည်သည့်နှောင်ကြိုး၊ ဖိအား၊ ခြိမ်းခြောက်၊ အကျပ်ကိုင်မှုမရှိဘဲ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရမည်ဖြစ်။
- အချိုးကျကိုယ်စားပြုစနစ် (PR)စနစ်ဖြင့် ကျင်းပမည့် နောင်ရွေးကောက်ပွဲများတွင် မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုကိုဖြစ်စေ၊ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ တရားမဲ့ပြုကျင့်မှုကြောင့် ကန့်ကွက်လွှာတင်သွင်းခြင်းခံရပြီး ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်အရ ရွေးကောက်တင်မြှောက်ခံရခြင်းမှ ပျက်ပြယ်ကြောင်း အတည်ပြုဆုံးဖြတ်ပါက ယင်းပါတီရရှိခဲ့သည့် အဆိုပါမဲဆန္ဒနယ်၏ ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ခံရမည်ဖြစ်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာအဖွဲ့များအား ချပြရှင်းလင်းခဲ့သော PowerPoint Slides များ









# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ် ပြန်ရေးအဖွဲ့၏ (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှအမေးအဖြေ ကောက်နုတ်ချက်များ

**Myanmar National Post သတင်းဌာနက** အသစ်ထွက်လာမည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် နိုင်ငံရေးပါတီများအားလုံး ပြန်လည်မှတ်ပုံတင်ရမည်ဖြစ်ပြီး၊ လူဦးရေတိုးမြှင့်ကန့်သတ်ချက်များပါနေသည်ဆိုသည့် သတင်းစကားများထွက်နေကြောင်း၊ ယင်းကိစ္စသည် အမှန်ဖြစ်၊ မဖြစ်သိလိုပါကြောင်း၊ ထို့ပြင်နိုင်ငံရေးပါတီများကို စစ်ဆေးသည့်အချိန်တွင် နိုင်ငံရေးပါတီရံပုံငွေများကို ဥပဒေနှင့်မညီဘဲ သုံးစွဲခြင်းမျိုးကို စိစစ်တွေ့ရှိခြင်း ရှိ/မရှိ၊ NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဒုဥက္ကဋ္ဌ ဒေါက်တာ ဇော်မြင့်မောင်တို့ကို အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုထားကြောင်း၊ အဂတိဖြင့်ရရှိသည့် ငွေကြေးများကို ပါတီအတွက် အသုံးပြုထားခြင်းမျိုး စိစစ်တွေ့ရှိခြင်း ရှိ/မရှိ၊ ယင်းကိစ္စများအတွက် သီးခြားအရေးယူမှုများရှိလျှင် သိလိုပါကြောင်း မေးမြန်းချက်ကို–



**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို အသစ်ပြဋ္ဌာန်းရန် ဆောင်ရွက်နေကြောင်း၊ နိုင်ငံရေးပါတီများကို စစ်ဆေးတွေ့ရှိချက်အရသော်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်လာရန် ရည်ရွယ်ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေကို ပြင်ဆင်ခြင်းဖြစ်ကြောင်း။
- ထိုသို့ပြင်ဆင်သည့်အခါ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရှိသင့်ရှိထိုက်သည့် လူအင်အားများ၊ ပါတီဝင်အင်အားများ ရှိရန်၊ ၎င်းအပြင်ပါတီများသည် ရွေးကောက်ပွဲတွင် သင့်တင့်ထိုက်သင့်သည့် ယှဉ်ပြိုင်မှုများယှဉ်ပြိုင်နိုင်ရန် လိုအပ်ကြောင်း၊ ထိုအချက်အလက်နှင့်ပြည့်စုံပြီး ခိုင်မာအားကောင်းသည့် ပါတီများဖြစ်လာရန် ရည်ရွယ်၍ လိုအပ်သည်များထည့်သွင်းပြီး ပြဋ္ဌာန်းနိုင်ရန် မိမိတို့ဆောင်ရွက်ဆဲဖြစ်ကြောင်း။
- ပါတီများစစ်ဆေးရာတွင် ငွေစာရင်းနှင့်ပတ်သက်ပြီး ပါတီ ၈၀ ကျော် စစ်ဆေးပြီးဖြစ်သော်လည်း NLD ပါတီကို စစ်ဆေးရန်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ပါတီပိုင်ငွေများကို သုံးစွဲခြင်းသည် သက်ဆိုင်ရာပါတီများ၏ ဖွဲ့စည်းပုံစည်းမျဉ်းအရ၊ ၎င်းတို့ကော်မတီအရ၊ သုံးစွဲပိုင်ခွင့်အရသုံးစွဲခြင်းမျိုးရှိကြောင်း၊ သို့သော် ထိုငွေများရရှိလာသည့် အကြောင်းအရင်းကိုမူ ယင်းပါတီငွေကြေး အဝင်/ အထွက်ကို မစစ်ဆေးရသည့်အတွက် မိမိတို့အနေဖြင့် ယခုအချိန်တွင် အတိအကျပြောဆိုနိုင်ခြင်းမရှိကြောင်း ဖြေကြားခဲ့။

**Myanmar Nation Voice သတင်းဌာနက** ရွေးကောက်ပွဲကလည်း အလွန်ပင်နီးလာပြီဟု ယူဆပါကြောင်းနှင့် ပါတီ ၇ ခုကို မည်သည့်အတွက်ကြောင့် စစ်ဆေးရန် နှောင့်နှေးကြန့်ကြာနေရသည်ကို သိလိုပါကြောင်း မေးမြန်းချက်ကို–



**Myanmar Nation Voice သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပါတီများကို ၂၃-၈-၂၀၂၂ တွင် စတင်စစ်ဆေးခဲ့သည့်အတွက် တစ်နှစ်နီးပါးရှိပြီဖြစ်ကြောင်း၊ ကြန့်ကြာနေသည့် ၁၀ ပါတီရှိကြောင်း၊ ကြန့်ကြာနေရခြင်းအကြောင်းမှာ တချို့ပါတီခေါင်းဆောင်များသည် ထွက်ပြေးတိမ်းရှောင်နေကြောင်း၊ တချို့ဥက္ကဋ္ဌ၊ တာဝန်ရှိသူများက ကျန်းမာရေးဆိုးရွားနေသည်ဟူ၍ ပြောဆိုခြင်းရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသည်များလည်းရှိကြောင်း၊ တချို့မှာ စစ်ဆေးခံရန် စာရင်းဇယားများ၊ လူများကို ပြန်စုဖွဲ့ပြီး စစ်ဆေးနိုင်ရန်ပြန်ပြီး ဆောင်ရွက်နေဆဲများရှိကြောင်း၊ ယင်းကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်သည့်အတွက် စစ်ဆေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့။

**Cohesion News Agency က** ယခုအချိန်ထိ ငြိမ်းချမ်းမှုမရှိသေးသည့်အတွက် တပ်မတော်အာဏာထိန်းကာလ ၂ နှစ်အတွင်း ရွေးကောက်ပွဲကို အချိန်မီကျင်းပပြုလုပ်နိုင်ပါမလား၊ UEC အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို မည်သို့တိုက်တွန်းအကြံပြုပြောကြားလိုသည်ကို သိလိုကြောင်းမေးမြန်းချက်ကို-



**Cohesion News Agency မှ သတင်းထောက် ဦးရဲလင်းထွန်း**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ် ၅ ရပ်မှ အမှတ်စဉ် ၅ အရ အရေးပေါ်ကာလဆိုင်ရာကိစ္စများ ဆောင်ရွက်ပြီးလျှင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် မိမိတို့တာဝန်ဖြစ်ကြောင်း၊ ထို့သို့လုပ်နိုင်ရန် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း၊ အခြေခံ မဲဆန္ဒရှင်စာရင်းပြုစုရန် လိုအပ်သည်များ ပြင်ဆင်ပြုစုဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် မဲဆန္ဒရှင်များက မိမိ၏ဆန္ဒမဲတစ်ပြားကို နှောင်ကြိုး၊ ဖိအားအကျပ်ကိုင် ခြိမ်းခြောက်မှုမပါဘဲ လွတ်လွတ်လပ်လပ်ဆန္ဒမဲပေးနိုင်သည့် အနေအထားရှိရန် လိုကြောင်း။
- ယင်းအခြေအနေသည် သက်ဆိုင်ရာရွေးကောက်ပွဲကျင်းပသည့်နယ်မြေသည် လုံခြုံမှု၊ အေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးရှိရန်လိုအပ်ကြောင်း၊ သက်ဆိုင်သည့်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သက်ဆိုင်သည့် နယ်မြေလုံခြုံရေးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများကလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင် ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်လျှင် ရည်မှန်းချက်ကို အမြန်ဆုံး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖြေကြားခဲ့။

**သူရိယနေဝန်းဂျာနယ်က** မိမိအနေဖြင့် ဇွန်လ ၂၈ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ထုတ်ပြန်ခဲ့သည့် ပြည်တွင်း၊ ပြည်ပရောက် ကျောင်းသားလူငယ်များနှင့် CDM ဝန်ထမ်းများကို ပြန်လည်ဝင်ရောက်လာကြရန်အတွက် သဘောထားကြေညာချက်ကို ထောက်ခံပါကြောင်း၊ အမိနိုင်ငံတော်သို့ပြန်လာရန် စဉ်းစားနေကြသည့် ညီအစ်ကိုတော်များကို မိမိအနေဖြင့် ပြောလိုသည်မှာ ယခုထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ ပြည်သူ့ဘဝထဲတွင် အေးချမ်းစွာ နေထိုင်ရန် အာမခံချက်ပေးထားသည်ဟု အတိအလင်းဖော်ပြထားကြောင်း၊ နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုညှိနှိုင်းရေးစခန်းများ ဖွင့်လှစ်၍ ကြိုဆိုမည်ဆိုသည့်အစီအစဉ်တွင် ထိုင်းတပ်မတော်ကလည်း ပူးပေါင်းကူညီမည်ဆိုသည်ကို အစောပိုင်းက သိရသဖြင့် မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း ကြိုဆိုညှိနှိုင်းရေးစခန်းများကို ထိုင်းနိုင်ငံဘက်အထိ သွားရောက်ဖွင့်လှစ်ပေးရန် စီစဉ်ထားခြင်း ရှိ/မရှိ သိလိုကြောင်း မေးမြန်းချက်ကို-

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** အိမ်ပြန်ချင်နေကြသည့် လူငယ်အများအပြားရှိပြီး မိဘများအနေဖြင့်လည်း မိမိတို့အစိုးရကို မေတ္တာရပ်ခံခဲ့သူများရှိကြောင်း၊ ထိုအကြောင်းအရာများကြောင့်လည်း ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ပတွင် ရောက်ရှိနေသူများ၊ ယခုလတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲများတွင် လူငယ်များ၏တက်ကြွမှုကို အသုံးချပြီး အတင်းအကျပ်ရှေ့မှတက်၍ တိုက်ခိုက်ခိုင်းခြင်းကို ခံနေရသူများလည်းရှိကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်လာလျှင် မြန်မာ့အရေးကို အတူပူးပေါင်း၍ ဆောင်ရွက်ရမည့်သူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဖိတ်ခေါ်ရခြင်းဖြစ်ကြောင်း။



သူရိယနေ့ဝန်းဂျာနယ်မှ ဦးမိုးဟိန်း

- ဇွန်လ ၂၈ နှင့် ၂၉ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ထိုင်း-မြန်မာ နယ်ခြားကော်မတီအစည်းအဝေးအပြီးတွင် ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ၍ ထိုင်းနိုင်ငံတပ်မတော်အနေဖြင့်လည်း အထောက်ပါကိစ္စများနှင့်ပတ်သက်၍ ၎င်းတို့၏ နယ်စပ်ဒေသများတွင် ရောက်ရှိနေသည့် လူငယ်များသိရှိနိုင်ရန် ပြောပေးမည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင်လည်း ကူညီဆောင်ရွက်ပေးမည်ဟု ပြောခဲ့ကြောင်း။
- မိမိတို့အနေဖြင့် လုံခြုံစိတ်ချရသည့် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများလိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ်မှ မည်သည့်အချိန်တွင်မျှ သွေဖည်သွားမည်မဟုတ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလမ်းကြောင်းပေါ်မှ မည်သည့်အချိန်တွင်မျှ သွေဖည်သွားမည်မဟုတ်ကြောင်း၊ အဆိုပါအချက်နှစ်ချက်ကို မိမိတို့ ခိုင်ခိုင်မာမာအာမခံထားကြောင်းနှင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

**Myanmar National Post သတင်းဌာနက** အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် NUG က Online တွင် ကျောင်းများဖွင့်နေသကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးဘက်တွင်လည်း ပြည်သူ့စစ်များဖြင့် ကာကွယ်နိုင်ခြင်းမရှိသည့် ကျေးရွာများတွင် NUG ကျောင်းဟုခေါ်၍ လုပ်ဆောင်နေခြင်းများရှိကြောင်း၊ NUG ကိုအကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေငြာထားသည့်အတွက် အဆိုပါကျောင်းများကို ဖွင့်လှစ်ခွင့်ပေးခဲ့ခြင်းမှာလည်း NUG မျိုးဆက်ကို မွေးထုတ်နေခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ NUG ကျောင်းဟု အမည်ခံထားသည့် ကျောင်းများကို မည်ကဲ့သို့အရေးယူမည်၊ မည်သည့်ဥပဒေဖြင့် အရေးယူမည်၊ မည်သည့်အချိန်ခန့်တွင် အပြီးအပြတ် အရေးယူဆောင်ရွက်သွားမည်ကို သိလိုကြောင်း၊ တိုင်းပြည်အတွက် လောင်စာဆီကဏ္ဍအတွက် လိုအပ်ချက်ရှိနေသည့် ယခုကဲ့သို့သော အချိန်မျိုးတွင် မိမိတို့ ပြည်တွင်း၌ထွက်ရှိနေသည့် သယံဇာတများကို ရယူသုံးစွဲနိုင်ခြင်းမရှိဘဲ အကြမ်းဖက်သမားများက ထိုသယံဇာတများကို လက်နက်ဖြင့် မိုးပြီးထုတ်ယူနေကြောင်း၊ ထို့ပြင် မိမိတို့၏ ရွာသူရွာသားအချင်းချင်း၊ တိုင်းသူပြည်သားအချင်းချင်းသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း၊ ထိုအခြေအနေများကို အချိန်ကာလအားဖြင့် မည်သည့်အချိန်ခန့်တွင် ရှင်းလင်းသွားမည်ကို သိလိုကြောင်း မေးမြန်းချက်ကို-



Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** စစ်ကိုင်းတိုင်းဒေသကြီးအတွင်းနှင့် မကွေးတိုင်းဒေသကြီး မြောက်ခြမ်းတို့၌ စာသင်ကျောင်းများကို မည်မျှအထိနှောင့်ယှက်ခဲ့သည်ဆိုသည်ကို ပြောရမည်ဆိုလျှင် စာသင်ကျောင်းများကို မိုင်းထောင်၊ မိုင်းခွဲတိုက်ခိုက်ခြင်းများ၊ စာသင်ကျောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်းများကို ပြုလုပ်လာသည့်အပြင် ယခုနောက်ပိုင်းတွင် ပြည်ပမှထောက်ပံ့နေသည့် Drone များဖြင့် Drop Bomb ချ၍ တိုက်ခိုက်ခြင်းများအထိ ပြုလုပ်လာကြောင်း။
- မိမိတို့အနေဖြင့်လည်း ထိုဖြစ်စဉ်များနှင့်ပတ်သက်၍ မကြာခဏ သတင်းထုတ်ပြန်လျက်ရှိကြောင်း၊ ထိုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်

ကြောင်း၊ စစ်ရာဇဝတ်မှုဆိုသည်မှာ ၎င်းတို့အတွက် မဆန်းကြောင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်းတို့ကိုပင် သာမန်ကိစ္စကဲ့သို့ သဘောထား၍ လုပ်ဆောင်နေကြသူများဖြစ်ကြောင်း၊ ကလေးများစာသင်နေသည့် ကျောင်းကို စာသင်နေသည့် အချိန်မှာပင်လျှင် ယခုကဲ့သို့သောလုပ်ရပ်မျိုးကို ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ထိုလုပ်ရပ်မှာ စာသင်ကျောင်းများကို ဖုံးကြဲတိုက်ခိုက်ခြင်းနှင့် အတူတူပင်ဖြစ်ကြောင်း။

- ထိုသို့လုပ်ဆောင်နေသော်လည်း ၎င်းတို့ကိုကြောက်ရသဖြင့် ၎င်းတို့၏စည်းရုံးမှုအောက်သို့ ကျရောက်ခဲ့ရသည့် အချို့သောနယ်မြေများတွင် ကျောင်းများဖွင့်လှစ်၍ သင်ကြားပေးနေသည်ဟု သိရကြောင်း၊ ၎င်းတို့သင်ကြားသည့် သင်ခန်းစာစာအုပ်များမှာလည်း ယခုလက်ရှိ မိမိတို့အစိုးရစာသင်ကျောင်းများတွင် သင်ကြားပေးနေသည့် သင်ခန်းစာစာအုပ်များပင် ဖြစ်ကြောင်း။
- ၎င်းတို့မည်သည့်သင်ခန်းစာများကို သင်ကြားပေးနေသည်ဆိုသည်ကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့နိုင်မည်ဖြစ်ကြောင်း၊ ကလေးများ၏ စိတ်ထဲတွင် အကြောက်တရားများကင်းမဲ့စေရန်နှင့် မဟုတ်မမှန်သည့် အမုန်းတရားများဝင်ရောက်လာစေရန် သင်ကြားပေးကြောင်း။
- ၎င်းတို့စာသင်ကျောင်းမည်မျှ ဖွင့်လှစ်ထားသည်ဆိုသည့် စာရင်းအတိအကျ မိမိတို့တွင်ရှိကြောင်း၊ ၎င်းတို့ပြောသကဲ့သို့မဟုတ်ကြောင်း၊ အစိုးရစာသင်ကျောင်းများတွင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်ရန် ဆောင်ရွက်နေကြောင်း။
- စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိမိတို့အထူးအလေးထား၍ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးအဖွဲ့အစည်းများလည်း စနစ်တကျဖွဲ့စည်းနေကြောင်း၊ ထိုလုံခြုံရေးအဖွဲ့များကို မိမိတို့အနေဖြင့် လိုအပ်သည့်အကူအညီများကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထိုလုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းရာတွင်လည်း ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပံ့ပိုးသွားမည်ဆိုပါက ပို၍အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်နှင့်ဒေသ၏ သယံဇာတပစ္စည်းများကို လက်ဝါးကြီးအုပ်၍ ဒေသခံပြည်သူလူထုအပေါ်တွင် အနိုင်ကျင့်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေး ဆောင်ရွက်သွားမည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

**သူရိယနေ့ဝန်းဂျာနယ်က** နိုင်ငံ့ဝန်ထမ်းများကို CDM လုပ်ရန်တိုက်တွန်းခဲ့သည့် အနုပညာရှင်များနှင့် CDM ပြုလုပ်ခဲ့သည့်ပညာရေးဝန်ထမ်းများကို ပြန်လည်ခေါ်ယူခဲ့မှုများကို ပြည်သူလူထုက လက်ခံနိုင်သော်လည်း IS စစ်သွေးကြွများကဲ့သို့ ရက်စက်ယုတ်မာပြီး ပြည်ပအားကိုး ပုဆိန်ရိုးဖြစ်နေသည့် အကြမ်းဖက်သမားများကိုမူ ပြည်သူများက သည်းမခံနိုင်တော့ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မြိုင်မြို့နယ်၊ ကြနိစိမ့်ကြီးကျေးရွာမှ "မနန္ဒာ"ဟု ဆိုသည့် အမျိုးသမီးတစ်ဦးကို နေ့ခင်းဘက်ကြီးတွင် PDF အကြမ်းဖက်သမားများက **"ဒလန် မ ထွက်ခဲ့"** ဟုဆိုပြီး အရှင်လတ်လတ်ခေါင်းဖြတ်၍ သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်ကိုပင် ၎င်းတို့က တပ်မတော်သားများနှင့် ပျူစောထီးများကပြုလုပ်ခဲ့သည်ဟုဆိုပြီး မဟုတ်မမှန်လုပ်ကြံ၍ ဝါဒဖြန့်နေမှုများကိုလည်းတွေ့ရကြောင်း၊ ထိုကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်ရှိနေသည့် အကြမ်းဖက်သမားများ၏ လူမဆန်သည့်အကြမ်းဖက်လုပ်ရပ်များကိုမူ ပြည်သူများအနေဖြင့် လုံးဝ(လုံးဝ)လက်မခံနိုင်တော့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ အထူးအစီအစဉ်တစ်ရပ်အနေနှင့်ဆောင်ရွက်ပြီး ပြည်သူများကျေနပ်နိုင်သည့် အပြစ်ပေးအရေးယူမှု ပြုလုပ်၍ ပြည်သူလူထု၏ဆန္ဒကို အကောင်အထည်ဖော်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းချက်ကို–



**သူရိယနေ့ဝန်းဂျာနယ်မှ သတင်းထောက် သဇင်ဦး**

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** မြိုင်မြို့နယ်၊ ကြနိစိမ့်ကြီးကျေးရွာမှ "မနန္ဒာ"၏ကိစ္စနှင့် ပတ်သက်ပြီး မီဒီယာတစ်ခုက ၎င်းတို့၏ ဒလန်နှင့် အချင်းချင်းကြိုတင်ဇာတ်တိုက်ပြီး အမေးအဖြေပြုလုပ်ခဲ့ခြင်းကြောင်း၊ "ဒေါ်နန္ဒာ"၊ ၅၂ နှစ်မှာ ဖခင်အမည် "ဦးကျော်ဆွေ"ဖြစ်ကြောင်း၊ ပြည်ခိုင်ဖြိုးပါတီဝန်းရံသူဖြစ်ကြောင်း၊ အကြမ်းဖက်သမားများက သတ်

ဖြတ်ခဲ့သည်ဟု ဖေဖော်ဝါရီလ ၁၉ ရက်၊ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မြိုင်မြို့နယ်ရဲစခန်း၌ တိုင်ကြား အမှုဖွင့်ခဲ့သည်ဟု သိရကြောင်း၊ ထိုနေရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ညနေ ၅ နာရီ ၁၅ မိနစ်တွင်ရောက်ရှိခဲ့ကြောင်း၊ အလောင်း၊ မှုခင်းဆေးစာများနှင့်အတူ နိဗ္ဗာန်ရွှေပြည် လူမှုရေးယာဉ်နှင့် မြိုင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ စစ်ဆေးခဲ့ကြောင်း၊ သက်ဆိုင်သူများကိုလည်း မိမိတို့က စစ်ဆေးခဲ့ကြောင်း၊ ထိုဖြစ်စဉ်နှင့်ပတ်သက်သည့် Video File လည်း ပါဝင်ကြောင်း၊ အင်မတန်ရက်စက်ကြမ်းကြုတ်သည့် Video File ဖြစ်ကြောင်း။

- ထို Video File ကို ကြည့်မိသူများလည်း စိတ်မချမ်းမသာဖြစ်ကြရကြောင်း၊ သတ်ဖြတ်ခဲ့သည့်သူများမှာ ၎င်းတို့ကိုသိနေသည့် တစ်ရွာတည်းသားချင်း PDF များ ဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ ကောက်ချက်ချရသည်ကို ပြောရမည်ဆိုပါကထို Video File တွင် ပါပြီးဖြစ်ကြောင်း၊ Video File အထဲတွင် အမျိုးသမီးတစ်ယောက်အား ဘေးနားတွင် ခေါင်းစွပ်စွပ်ပြီး ရပ်နေသူက ၎င်းကို "**မကြည့်နဲ့၊ မကြည့်နဲ့**" ဟု ပြောခဲ့ကြောင်း၊ ခေါင်းစွပ်ကိုစွပ်ထားသော်လည်း ၎င်းတို့ တစ်ရွာတည်းသားချင်းဖြစ်နေသဖြင့် မှတ်မိသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်ကြောင်း၊ ၎င်းတို့စွပ်စွဲသကဲ့သို့ စစ်သားများနှင့် ပျူစောထီးများက လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါက မည်သည့်အတွက်နှင့်မျှ ၎င်းတို့၏မျက်နှာကို မကြည့်ရဲစရာ အကြောင်းမရှိကြောင်း၊ ၎င်းတို့ကို မည်သူကမျှ သိနိုင်မည်မဟုတ်ကြောင်း၊ အချင်းချင်းသိကြသူများဖြစ်ကြောင်း၊ ယခင်ကတည်းကပင် လက်ထောက်ချ၍ အကွက်ကျကျ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။
- ၎င်းတို့စတင် ဝင်ရောက်လာသည့် ၁၁ နာရီ ၅၀ မိနစ်တွင် အကြမ်းဖက်ငါးဦးက ဓားများကိုင်ဆောင်၍ ခြံဝင်းအတွင်း ဝင်ရောက်လာပြီး အိမ်၏အပြင်ဘက်မှ "**ဒလန်**" ဟု အော်ခေါ်ခဲ့ကြောင်း၊ ထို့နောက် ဓားဖြင့် ထိုးခုတ်သတ်ဖြတ်ခဲ့ကြောင်း၊ ထိုအမှုနှင့်ပတ်သက်၍ မြိုင်မြို့နယ် ရဲစခန်းတွင် အမှုဖွင့်ထားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/၅၄ ဖြင့်လည်း အမှုဖွင့်လုစ်ထားပြီးဖြစ်ကြောင်း၊ တရားခံများ အမြန်ဆုံးဖမ်းဆီးရမိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ထိုတရားခံများအနက် အချို့သူများမှာ PDF အမည်ခံအကြမ်းဖက်အဖွဲ့ထဲတွင် ယခုအချိန်ထိရှိနေဆဲဖြစ်သည်ဟုသိရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်သည့် တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံများကို ဖမ်းဆီးရမိပါကလည်း ၎င်းတို့နှင့်ထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်၍ ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့။

**ရွှေတြိဂံသတင်းလွှာဂျာနယ်က** ယခုလပိုင်းများတွင် အာဆီယံနိုင်ငံတချို့က ပြင်းပြင်းထန်ထန်ဝေဖန်ခြင်း၊ ယခုထက်ပိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အရေးယူပေးရန် ပြောလာခြင်းများ မိမိတို့တွေ့ရကြောင်း၊ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရှိ တချို့အကြံပေးပုဂ္ဂိုလ်များကလည်း ယခုထက်ပိုပြီးဖြစ်လာမည်ဆိုလျှင် အာဆီယံအစုအဖွဲ့မှ ထွက်ရန် အကြံပေးခြင်းများကိုလည်း မိမိတို့တစ်ဆင့်စကားများမှ ကြားသိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနှင့် အာဆီယံထဲမှ ထွက်မည်ဆိုသည့် စဉ်းစားချက်မျိုးရှိ/ မရှိနှင့် လန်ချန်း-မဲခေါင်ကဲ့သို့ Other Platform များကိုအသုံးပြု၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အနောက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းချက်ကို-



**ရွှေတြိဂံသတင်းလွှာဂျာနယ်မှ သတင်းထောက် ဦးထွန်းထွန်းဝင်း**

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** နိုင်ငံခြားဆက်ဆံရေးနှင့်ပတ်သက်၍ မူဝါဒများလည်း ရှိကြောင်း၊ အခြေခံဥပဒေပါ မူဝါဒများအညီ မိမိတို့ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံ၏ ပဋိဉာဉ်စာတန်းပါ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အာဆီယံ၏ အစဉ်အလာပြဋ္ဌာန်းချက်ကို ယုံကြည်သက်ဝင်၍ ၁၉၉၇ ခုနှစ် ကတည်းက မြန်မာနိုင်ငံကအဖွဲ့ဝင်နိုင်ငံအဖြစ် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံအဖြစ်မဝင်ခင်ကလည်း စဉ်းစားချက်များ များစွာရှိကြောင်း။

- မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများနှင့်ပတ်သက်၍ အာဆီယံအဖွဲ့အဝင်တချို့၏ ပြောဆိုချက်၊ လုပ်ဆောင်ချက်များသည် အာဆီယံပဋိညာဉ် စာတမ်းပါမူများ၊ လုပ်ထုံးလုပ်နည်းများ၊ အစဉ်အလာများနှင့် ကွဲလွဲနေသည်များကိုလည်း မိမိတို့တွေ့ရပြီး ပြဋ္ဌာန်းချက်နှင့်လည်း ကိုက်ညီမှုမရှိသည့်အတွက် ထိုအကြောင်းအရာများကို မြန်မာနိုင်ငံက အမြဲတမ်း ထောက်ပြကန့်ကွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ် ၂ တွင် ရှင်းလင်းစွာဖော်ပြထားသည့် နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှု စည်းမျဉ်းများလိုက်နာရန် ပျက်ကွက်လျက်ရှိနေသည်များကိုလည်း အသိပေးကန့်ကွက်လျက်ရှိကြောင်း။
- အာဆီယံနိုင်ငံများအထဲက မည်သည့်နိုင်ငံများက မြန်မာနိုင်ငံနှင့်ပတ်သက်၍ အမြဲတမ်းဝေဖန်မှုများလုပ်နေသည်၊ အမြဲတမ်းကန့်ကွက်နေသည်ဆိုသည်ကိုလည်း မိမိတို့တွေ့ရမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်းဒေသနှင့်ပတ်သက်၍ မဲခေါင်-လန်ချန်းအစည်းအဝေးကို မြန်မာနိုင်ငံတွင် မိမိတို့ဆောင်ရွက်နိုင်ခြင်းသည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၏ တစ်ပေါင်းတစ်စည်းတည်းရှိမှုကို ပြသခြင်းဖြစ်သည်ဟု မိမိပြောခဲ့ကြောင်း၊ မိမိတို့အနေနှင့် အမျိုးသားအကျိုးစီးပွားအတွက် သင့်တော်သည့် တုန့်ပြန်မှုများကို အာဆီယံပဋိညာဉ်စာတမ်း၏နောက်ဆက်တွဲ သဘောတူညီချက်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အကျိုးစီးပွား မြန်မာပြည်သူလူထု၏ အကျိုးစီးပွား၊ ထာဝရအကျိုးစီးပွားကိုသာ မိမိတို့လက်ကိုင်ထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

**နေပြည်တော်တိုင်းအွန်လိုင်း သတင်းအေဂျင်စီက** မြန်မာနိုင်ငံအာဆီယံအထူးကိုယ်စားလှယ် သံအမတ်အဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည့် ကမ္ဘောဒီယားနိုင်ငံမှ ဒုတိယဝန်ကြီး နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn သည် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး နေအိမ်တွင် ပြန်လည်ရွှေ့ပြောင်းထားရှိရန်အတွက် စာတစ်စောင်ထွက်ရှိလာသည်ကို တွေ့ရကြောင်း၊ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့သဘောထားမှတ်ချက်ရှိသည်ကို သိလိုကြောင်း မေးမြန်းချက်ကို-

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** ယခင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး



**နေပြည်တော်တိုင်းအွန်လိုင်း သတင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးမင်းမောင်**

မိမိအနေဖြင့် ပုံသေတစ်ခုသာဖြေကြားခဲ့ကြောင်း နံပါတ် ၁ အချက်မှာ ဥပဒေအထက်တွင် မည်သူမျှမရှိကြောင်း၊ နေရာပြောင်းရွှေ့ထားသည့်အခါတွင်လည်း ယခင်နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အထူးတလည်စောင့်ရှောက်မှုများ ပြုလုပ်ထားကြောင်း၊ အဓိကအားဖြင့် လုံခြုံရေးနှင့် ပတ်သက်သည့်ကိစ္စများ၊ တရားရုံးထုတ်သည့် အချိန်တွင် ပိုမိုအဆင်ပြေစေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ "**ဥပဒေအထက်တွင် မည်သူမျှမရှိ**"ဟု မိမိအနေဖြင့် ပြောလိုကြောင်း ဖြေကြားခဲ့။

**NHP သတင်းဌာနက** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် ယနေ့တွင် CDM ပညာရေးဝန်ထမ်းများနှင့် PDF များသာမက အကြမ်းဖက်နိုင်ငံရေးလှုံ့ဆော်သူများကြောင့် နေရပ်စွန့်ခွာပြီး လမ်းမှားပေါ်ရောက်နေသည့် လူငယ်လူရွယ် CDM ဝန်ထမ်းများအပါအဝင် အားလုံးကို ပြန်လည်ဖိတ်ခေါ်နေသည်ကို တွေ့မြင်ရကြောင်း၊ တစ်ဖက်တွင်လည်း ပြည်ပနိုင်ငံတချို့၏ သွေးထိုးပါဝင်ပတ်သက်မှုများကြောင့် ဥက္ကရစ်ထတိုက်ပွဲများကဲ့သို့ ဖြစ်စဉ်များပေါ်ပေါက်လာသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပြည်သူ့ဘဝကို ပြန်လည်ခံယူလိုသူများတွက် လုံခြုံရေးအာမခံချက် မည်မျှအထိ တာဝန်ယူပေးမည်ဆိုသည်နှင့် ပြည်ပနိုင်ငံများ၏ စွက်ဖက်မှုပါဝင်လာသည့် တိုက်ပွဲများ နောင်တွင်ရှိမလာရန် မည်ကဲ့သို့ တာဝန်ယူသွားမည်ကို သိလိုကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် အနယ်နယ်အရပ်ရပ်က ခိုးဆိုးလုယက်မှုများ၊ အာဏာပါဝါသုံးပြီး ဥပဒေမဲ့

ပြုကျင့်နေသည့် ကိစ္စရပ်များအပေါ် ထိထိရောက်ရောက် အရေးယူနိုင်ရန်အတွက် မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုကြောင်း မေးမြန်းချက်ကို-



**NHP သတင်းဌာနမှ သတင်းထောက် နန်းစုစုစံ**

- **ဗိုလ်ချုပ်ဇော်မင်းထွန်းက** မိမိတို့ပြန်လည်ဖိတ်ခေါ်ခဲ့သည့် အထဲတွင်လည်း ပါဝင်ပြီးဖြစ်ကြောင်း၊ ပြည်သူ့ဘဝလုံခြုံအေးချမ်းစွာနေနိုင်ရေးအတွက် အာမခံပြီးဖြစ်ကြောင်း၊ PDF အဖွဲ့များ အနယ်နယ်အရပ်ရပ်မှ အလင်းဝင်ရောက်လာသည်မှာ ၂၀၅ ဦးဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့ရှေ့တွင် တချို့သော CDM ဝန်ထမ်းများ၊ တချို့သော သူများပြန်လည်ဝင်ရောက်လာသူများရှိကြောင်း၊ ယင်းသို့ ပြန်လည်ဝင်ရောက်လာသည့်အချိန်တွင် ဝန်ထမ်းစည်းကမ်းအရ လုပ်သင့်လုပ်ထိုက်သည်များ ဆောင်ရွက်ပြီး အလုပ်ပြန်လည်လုပ်နေသူများရှိပြီး အလုပ်မှ ထွက်သွားသူများလည်းရှိကြောင်း၊ ၅၀၅(ခ)ဖြင့် အနုပညာရှင်များလည်း လွတ်လာသူများလည်းရှိကြောင်း၊ ၎င်းတို့လည်း အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း။
- ခိုးဆိုးလုယက်မှုများ၊ တချို့သောလက်နက်ရရှိသူများအနေဖြင့် ခေးပြမှုများ ကျူးလွန်နေသည်လည်းရှိသဖြင့် တည်ငြိမ်အေးချမ်းစေရန်အတွက် ဒေသအသီးသီးတွင် ပြည်သူ့လုံခြုံရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းပြည်သူ့လုံခြုံရေးအဖွဲ့များတွင် ပြည်သူလူထုအနေဖြင့် တစ်တပ်တစ်အားပါဝင်ပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနိုင်ငံကို ပြန်လည်ထူထောင်သည့်နေရာတွင် တည်ငြိမ်အေးချမ်းရေးက ပိုမိုအရေးကြီးကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေးရှိရန်၊ တရားဥပဒေစိုးမိုးမှုရှိရန်အတွက် ပြည်သူလူထုက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မိမိအနေဖြင့် တိုက်တွန်းလိုကြောင်း ဖြေကြားခဲ့။

**တဲ့ပြောသတင်းမီဒီယာက** NLD ပါတီက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သမ္မတ ဦးဝင်းမြင့်နှင့် ဝန်ကြီးများကို အဂတိလိုက်စားမှုဖြင့်အရေးယူကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတက်လာပြီး NLD နှင့် ယခင် အဂတိလိုက်စားခဲ့သည့် ပုဂ္ဂိုလ်များကို ကြော်ငြာသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် တာဝန်ထမ်းဆောင်နေသည့်အချိန်တွင်လည်း ၎င်း၏လက်ထက်တွင် ၎င်းခန့်ထားသည့် ဝန်ကြီးများကို အဂတိနှင့်ငြိလျှင် အဂတိဖြင့်အရေးယူကြောင်း၊ ဥပဒေနှင့်မညီလုပ်ထားသည့် ပုဂ္ဂိုလ်များအား ဥပဒေနှင့်အညီ အရေးယူကြောင်းကို တရားဝင်ပြန်ကြားပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းချက်ကို-



**တဲ့ပြောသတင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**

- **ဗိုလ်ချုပ် ဇော်မင်းထွန်းက** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့်နေ့မှစ၍ ဇွန်လ ၂၉ ရက်နေ့ထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်ကြားစာစုစုပေါင်း ၁,၅၀၀ ရောက်ရှိကြောင်း၊ ကော်မရှင်က အစည်းအဝေး သုံးသပ်တင်ပြပြီး စုံစမ်းစစ်ဆေးကြောင်း၊ အထောက်အထား ခိုင်လုံစွာဖြင့် ပေးပို့လာသည့် တိုင်ကြားစာ ၄၀ အပေါ်တွင် စုံစမ်းစစ်ဆေးနိုင်ရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူဆောင်ရွက်နေသူများအနေဖြင့် နိုင်ငံ



ရေး ရာထူးလက်ရှိဖြစ်ခဲ့သူ ၇၀ ဦး ၊ နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပ ပုဂ္ဂိုလ် ၆၃ ဦးဖြစ်ကြောင်း။

- တရားစွဲဆိုမှုအနေဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့သူ ၇၀ ဦး ၊ အဆင့်မြင့် အရာရှိ ၈ ဦး၊ အရာထမ်း ၆ ဦး၊ ပြင်ပပုဂ္ဂိုလ် ၆ ဦး စုစုပေါင်း ၉၀ ဦးဖြစ်ကြောင်း၊ ထို့အပြင် အဂတိလိုက် စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀ (ခ)အရ နိုင်ငံ့ဝန်ထမ်း ဥပဒေဖြင့် စုစုပေါင်း ၄၃ ဦး အရေးယူဆောင်ရွက်ခဲ့ကြောင်း၊ အဆင့်မြင့်အရာရှိတစ်ဦး၊ အရာထမ်း ၄၁ ဦးနှင့် အမှုထမ်း ၁ ဦးဖြစ်ကြောင်း၊ NLD ပါတီမှပုဂ္ဂိုလ်များသာ အရေးယူ ခြင်းမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ် ၆၃ ဦး အရေးယူထားကြောင်း။
- NLD လက်ထက်တွင် ပြည်ထောင်စုဝန်ကြီးအဆင့် ၃၈ ဦး၊ ဒုတိယဝန်ကြီးအဆင့် ၇၁ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအပါ ဝန်ကြီး ၁၆၅ ဦး၊ နိုင်ငံရေး ရာထူး လက်ရှိဖြစ်သူ စုစုပေါင်း ၂၇၄ ဦးခန့်အပ်ခဲ့သော်လည်း အဂတိလိုက်စားမှု ကျူးလွန်ကြောင်း တိုင်ကြားခံရသည့် နိုင်ငံရေးရာထူးနှင့် လက်ရှိဖြစ်ခဲ့သူများကိုသာ စစ်ဆေး ပေါ်ပေါက်ချက်အရ အရေးယူခြင်းဖြစ်ပါကြောင်း၊ NLD လက်ထက်တွင် ခန့်အပ်ခဲ့သူ ၂၇၄ ဦးရှိပြီး ခိုင်လုံ၍ အရေးယူထားသည်မှာ မည်မျှသာရှိသည်ကို တွေ့ရမည် ဖြစ်ကြောင်း။
- နိုင်ငံတော်ဘဏ္ဍာငွေကြေးများနှင့်ပစ္စည်းများ နစ်နာဆုံးရှုံး မှုမရှိစေရေးအတွက် NLD အစိုးရလက်ထက် ၂၁-၆-၂၀၁၈ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်ပြဋ္ဌာန်းပြီးနောက်တွင် ကော်မရှင် အနေဖြင့် လာဘ်ပေးလာဘ်ယူမှုများအပါအဝင် နိုင်ငံတော်၏ ငွေကြေးနှင့်ပစ္စည်း နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်ပြီး အရေးယူနိုင်ခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီးနောက်ပိုင်းတွင် တရားစွဲ ဆိုတင်ပို့သည့် အမှုပေါင်း ၁၈၄ မှုအနက် နိုင်ငံတော်ဘဏ္ဍာ ငွေနစ်နာဆုံးရှုံးခဲ့သည့်အမှု ၈၇ မှုရှိပြီး နိုင်ငံတော်အနေဖြင့် မြန်မာကျပ်ငွေ သန်းပေါင်း ၁၉၃ ဘီလီယံကျော်နှင့် အမေ ရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရသည် ကိုစစ်ဆေးတွေ့ရှိရပါကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံ တော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုပြီး သန့် ရှင်းသည့် အစိုးရနှင့် ကောင်းမွန်သည့်အုပ်ချုပ်မှုဖြစ်ရန် အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ကျောသားရင်သားမခွဲ ခြားဘဲ ဆောင်ရွက်လျက်ရှိကြောင်းဖြေကြားခဲ့။

သတင်းစာရှင်းလင်းပွဲ အပြည့်အစုံအား Myawady Webportal (https://www . myawady.net.mm)နှင့် (https://myanmar.gov.mm) တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**(မြဝတီသတင်းစာ ၄-၇-၂၀၂၂)**

- လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် မဲဆန္ဒရှင်များက မိမိ၏ဆန္ဒမဲတစ်ပြားကို နှောင့်ယှက်ခြင်း၊ ဖိအားအကျပ်ကိုင်ခြိမ်းခြောက်မှုမပါဘဲ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးနိုင်သည့် အနေအထားရှိရန်လို။
- မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများလိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ်မှ မည်သည့်အချိန်တွင်မျှ သွေဖည်သွားမည်မဟုတ်သလို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလမ်းကြောင်းပေါ်မှ မည်သည့်အချိန်တွင်မျှ သွေဖည်သွားမည် မဟုတ်။
- တိုင်းပြည်နှင့်ဒေသ၏ သယံဇာတပစ္စည်းများကို လက်ဝါးကြီးအုပ်၍ ဒေသခံပြည်သူလူထုအပေါ်တွင် အနိုင်ကျင့်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ချေမှုန်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်။
- မြိုင်မြို့နယ်၊ ကြန်စိမ့်ကြီးကျေးရွာမှ “မနန္ဒာ” ၏ ကိစ္စနှင့်ပတ်သက်ပြီး မီဒီယာတစ်ခုက ၎င်းတို့၏ ဒလန်နှင့် အချင်းချင်းကြိုတင်ဇာတ်တိုက်၍ အမေးအဖြေပြုလုပ်ခဲ့ပြီး “ဒေါ်နန္ဒာ” ၅၂ နှစ်မှာ ဖခင်အမည် “ဦးကျော်ဆွေ” ဖြစ်ကာ ပြည်ခိုင်ဖြိုးပါတီ ဝန်းရံသူဖြစ်။
- မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများနှင့်ပတ်သက်၍ အာဆီယံအဖွဲ့အဝင်တချို့၏ ပြောဆိုချက်၊ လုပ်ဆောင်ချက်များသည် အာဆီယံပဋိညာဉ် စာတမ်းပါမှုများ၊ လုပ်ထုံးလုပ်နည်းများ၊ အစဉ်အလာများနှင့် ကွဲလွဲနေသည်များကိုလည်းတွေ့ရပြီး ပြဋ္ဌာန်းချက်နှင့်လည်း ကိုက်ညီမှုမရှိသည့်အတွက် ထိုအကြောင်းအရာများကို မြန်မာနိုင်ငံက အမြဲတမ်းထောက်ပြကန့်ကွက်လျက်ရှိ။
- ဒီမိုကရေစီနိုင်ငံကို ပြန်လည်ထူထောင်သည့်နေရာတွင် တည်ငြိမ်အေးချမ်းရေးက ပိုမိုအရေးကြီးသောကြောင့် တည်ငြိမ်အေးချမ်းရေးရှိရန်၊ တရားဥပဒေ စိုးမိုးမှုရှိရန်အတွက် ပြည်သူလူထုက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မိမိအနေဖြင့် တိုက်တွန်းလို။
- NLD လက်ထက်တွင် ပြည်ထောင်စုဝန်ကြီးအဆင့် ၃၈ ဦး၊ ဒုတိယဝန်ကြီးအဆင့် ၇၁ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအပါ ဝန်ကြီး ၁၆၅ ဦး၊ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ စုစုပေါင်း ၂၇၄ ဦး ခန့်အပ်ခဲ့သော်လည်း အဂတိလိုက်စားမှု ကျူးလွန်ကြောင်း တိုင်ကြားခံရသည့် နိုင်ငံရေးရာထူးနှင့် လက်ရှိဖြစ်ခဲ့သူများကိုသာ စစ်ဆေးပေါ်ပေါက်ချက်အရ အရေးယူခြင်းဖြစ်။
- နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီတာဝန်ယူပြီးနောက်ပိုင်းတွင် တရားစွဲဆိုတင်ပို့သည့် အမှုပေါင်း ၁၉၄ မှု အနက် နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာဆုံးရှုံးခဲ့သည့် အမှု ၈၇ မှုရှိပြီး နိုင်ငံတော်အနေဖြင့် မြန်မာကျပ်ငွေ သန်းပေါင်း ၁၉၃ ဘီလီယံကျော်နှင့် အမေရိကန် ဒေါ်လာ ၁၃ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ရသည်ကို စစ်ဆေးတွေ့ရှိ။